# တရားလွှတ်တော်ရှေ့နေများကောင်စီ

## အသိပေးကြေညာခြင်း

၁။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ၄-၆-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂ / ၂၀၂၀ ဖြင့် မဲဆန္ဒနယ်များ သတ်မှတ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးတွင် မဲဆန္ဒနယ်အမှတ် (၁) အတွက် မဲပေးရမည့်နေရာကို မန္တလေးမြို့တွင်လည်းကောင်း၊ မဲဆန္ဒနယ်အမှတ် (၂) အတွက် မဲပေးရမည့်နေရာကို မိတ္ထီလာမြို့တွင် လည်းကောင်း သတ်မှတ်ခဲ့ပါသည်။

၂။ သို့ရာတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်တွင်နေထိုင်သော ဆန္ဒမဲပေးလိုသည့် တရားလွှတ်တော်ရှေ့နေများအတွက် အဆင်ပြေမှုရှိစေရန် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) တွင် ပါဝင်သည့် ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်အတွင်းရှိ အောက်ပါမြို့နယ်များမှ ဆန္ဒမဲပေးလိုသည့် တရားလွှတ်တော်ရှေ့နေများသည် ဒက္ခိဏခရိုင်ရှိမဲရုံတွင် ဆန္ဒမဲပေးနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်-

(က) ဒက္ခိဏသီရိမြို့နယ်၊

(ခ) ပျဉ်းမနားမြို့နယ်၊

(ဂ) လယ်ဝေးမြို့နယ်၊

(ဃ) ဇမ္ဗူသီရိမြို့နယ်၊

(င) ပုဗ္ဗသီရိမြို့နယ်၊

(စ) ဥတ္တရသီရိမြို့နယ်၊

(ဆ) ဇေယျာသီရိမြို့နယ်၊

(ဇ) တပ်ကုန်းမြို့နယ်။

တရားလွှတ်တော်ရှေ့နေများကောင်စီ

ဖြန့်ဝေခြင်း

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်

D/ 12/DPS

- မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ချုပ်
- မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး
- မိတ္ထီလာခရိုင်ဥပဒေရုံး (မိတ္ထီလာခရိုင်တရားရုံး၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ၊ မိတ္ထီလာခရိုင်ဥပဒေရုံး၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများတွင် ကြေညာချက်ကပ်ပေးပါရန်)
- ဒက္ခိဏခရိုင်ဥပဒေရုံး (ဒက္ခိဏခရိုင်တရားရုံး၊ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ၊ဒက္ခိဏခရိုင်ဥပဒေရုံး၊ဒက္ခိဏခရိုင်နှင့်ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများတွင် ကြေညာချက်ကပ်ပေးပါရန်)